ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သားများရဲ့ အိတ်ဆောင်လက်စွဲ စာအုပ်ငယ်

(PLA လက်စွဲ)

PLA ဗဟိုနိုင်ငံရေးဌာနမှ
ထုတ်ဝေသည်။

မာတိကာ

၁။ ဦးဆောင်ပါတီ ၅
၂။ ပါတီမွေးနေ့ ၅
၃။ ပါတီရဲ့လူတန်းစားလက္ခဏာ ၅
၄။ ပါတီရဲ့လုပ်ငန်းစဉ် ၆
၅။ ပါတီရဲ့သဘောတရားအခြေခံ ၆
၆။ ပါတီရဲ့စည်းရုံးရေးမူ ၆
၇။ ပါတီရဲ့လုပ်ဟန်ကြီး(၃)ရပ် ၆
၈။ ပြဒါးရှင်(၃)လုံး ၇
၉။ မျက်မှောက်တော်လှန်ရေးရဲ့ရန်သူ ၇
၁၀။ မျက်မှောက်ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးရဲ့
တွန်းအားနဲ့ မိတ်ဆွေ ၇
၁၁။ ပါတီရဲ့ ကျေးလက်လူတန်းစားလမ်းစဉ် ၈
၁၂။ တော်လှန်ရေးရဲ့ရည်ရွယ်ချက် ၈
၁၃။ တော်လှန်ရေးရဲ့ နည်းပရိယာယ်လမ်းစဉ် ၉
၁၄။ တော်လှန်ရေးရဲ့ သေနင်္ဂဗျူဟာ လမ်းညွှန်ချက် ၉
၁၅။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ လက္ခဏာ ၁၀
၁၆။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ ရည်ရွယ်ချက် ၁၀
၁၇။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သားများရဲ့
အပြန်အလှန်ဆက်ဆံမှု ၁၁
၁၈။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ တာဝန်ကြီး(၃)ရပ် ၁၁
၁၉။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ လမ်းညွှန်မှု(၂)ရပ် ၁၁
၂၀။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့
ဂုဏ်ပြောင်တဲ့အစဉ်အလာများ ၁၁
၂၁။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ (၃–၈)လုပ်ဟန် ၁၂

၂၂။ ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်ရဲ့ စည်းကမ်း ၁၃
၂၃။ ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်ရဲ့
စည်းကမ်းကြီး(၃)ရပ်၊ သတိပြုရန်(၈)ချက် ၁၃
၂၄။ ထားရှိရမည့် စည်းကမ်းဆိုင်ရာ စိတ်ဓာတ် ၁၄
၂၅။ ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်ရဲ့ ဒီမိုကရေစီ(၃)ရပ် ၁၄
၂၆။ ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်ရဲ့
တပ်မှူးတပ်သား ဆက်ဆံရေး ၁၆
၂၇။ ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်မှ
ပြည်သူကိုချစ်မြတ်နိုးခြင်းစိတ်ဓာတ် ၁၇
၂၈။ ပါတီက ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်အပေါ်
ခေါင်းဆောင်မှုစနစ် ၁၈
၂၉။ ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်ရဲ့ နိုင်ငံရေးလုပ်ငန်းစနစ် ၁၉
၃၀။ တပ်တွင်းနိုင်ငံရေးလုပ်ငန်းရဲ့ မူကြီး(၃)ရပ် ၂၀
၃၁။ ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်ရဲ့ စည်းရုံးရေးမူကြီး(၄)ရပ် ၂၁
၃၂။ တပ်ခွဲပါတီကလာပ်စည်း ၂၁
၃၃။ တပ်ခွဲရဲ့ တော်လှန်ရေးတပ်သား ကော်မတီ ၂၂
၃၄။ ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်သားများရဲ့
အခြေခံဝတ္တရားများ ၂၃
၃၅။ ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်သားများရဲ့
တိုင်တန်းခွင့်နဲ့ အယူခံခွင့်အာဏာ ၂၄
၃၆။ ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်သားများအတွက်
လျှို့ဝှက်ရေးဆိုင်ရာသတ်မှတ်ချက် ၂၅
၃၇။ ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်သားများအား
အခြေခံပညာပေးရေး ၂၆
၃၈။ ပြည်သူ့လွှတ်မြောက်ရေးတပ်မတော်ရဲ့ ကြန်အင်လက္ခဏာ(၇)ရပ် ၂၇

■ ဦးဆောင်ပါတီ

ဗမာပြည်ကွန်မြူနစ်ပါတီ။

■ ပါတီမွေးနေ့

၁၉၃၉ ခုနှစ်၊ ဩဂုတ်လ၊ ၁၅ ရက်။

■ ပါတီရဲ့လူတန်းစားလက္ခဏာ

ပါတီဟာ ဗမာပြည်အမျိုးသားပေါင်းစုံပါဝင်တဲ့ အလုပ်သမားလူတန်းစားရဲ့ နိုင်ငံရေးပါတီဖြစ်တယ်။

ဗမာပြည်အလုပ်သမားလူတန်းစားရဲ့ စည်းရုံးမှုရှိတဲ့ ရှေ့ဆောင်တပ်ဦးဖြစ်တယ်။

ဗမာပြည်အလုပ်သမားလူတန်းစားရဲ့ အမြင့်ဆုံး စည်းရုံးရေးသဏ္ဍာန်ဖြစ်တယ်။

ဗမာပြည်အလုပ်သမားလူတန်းစားရဲ့ တခုတည်းသော မာ့က်စ် လီနင်ဝါဒ၊ မော်စီတုန်း

အတွေးအခေါ် လက်နက်တပ်ဆင်ထားတဲ့ နိုင်ငံရေးပါတီဖြစ်တယ်။

■ ပါတီရဲ့လုပ်ငန်းစဉ်

ဗမာပြည် ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲတာဟာ ပါတီရဲ့ လုပ်ငန်းစဉ်ဖြစ်တယ်။ ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေးဟာ ပါတီက ဦးဆောင်ပြီး အလုပ်သမား၊ လယ်သမား မဟာမိတ်ဖွဲ့မှုကိုအခြေခံထားကာ တော်လှန်တဲ့ လူတန်းစားအသီးသီးတို့ပါဝင်ပြီး မျက်မှောက်တွင် စစ်အာဏာရှင်စနစ် အမြစ်ဖြတ် ချေမှုန်းရေးအတွက်ဆင်နွှဲနေတဲ့ တော်လှန်ရေးဖြစ်တယ်။

ဒါဟာ မနရှင်လူတန်းစားက ခေါင်းဆောင်တဲ့ ဒီမိုကရေစီဟောင်းတော်လှန်ရေးနဲ့ လုံးဝခြားနားသော ဒီမိုကရေစီသစ်တော်လှန်ရေးဖြစ်တယ်။

■ ပါတီရဲ့ သဘောတရားအခြေခံ

မာ့က်စ် လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် ဟာ ပါတီရဲ့သဘောတရားအခြေခံ ဖြစ်တယ်။

■ ပါတီရဲ့ စည်းရုံးရေးမူ

ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုစနစ်ဟာ ပါတီရဲ့ စည်းရုံးရေးမူဖြစ်တယ်။

■ ပါတီရဲ့လုပ်ဟန်ကြီး(၃)ရပ်

၁။ သဘောတရားရဲ့ လက်တွေ့ပေါင်းစပ်တဲ့လုပ်ဟန်။

၂။ ဝေဖန်ရေးနဲ့ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးလုပ်ဟန်။

၃။ ပြည်သူလူထုနဲ့ ရင်းရင်းနှီးနှီး သွေးစည်းချစ်ကြည်တဲ့လုပ်ဟန်။

■ ပြဒါးရှင်(၃)လုံး

၁။ စည်းကမ်းရှိတဲ့ မာ့က်စ် လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် သဘောတရားကို လက်နက်အဖြစ်တပ်ဆင်ထားတဲ့၊ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးနည်းနာကျင့်သုံးတဲ့၊ ပြည်သူလူထုနဲ့ ဆက်သွယ်တည်ဆောက်ထားတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ။

၂။ ပါတီက တိုက်ရိုက်ဦးစီးတဲ့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်။

၃။ ပါတီက ခေါင်းဆောင်တဲ့ အလုပ်သမား၊ လယ်သမား၊ မဟာမိတ်ဖွဲ့မှုအပေါ် အခြေခံပြီး အဖိနှိပ်ခံလူတန်းစားအသီးသီး၊ တော်လှန်တဲ့ အဖွဲ့အစည်းအသီးသီးနဲ့ ဆက်သွယ်ဖွဲ့စည်းထားတဲ့ တပ်ပေါင်းစုတရပ်။

(အတိုကောက်။ ။ ပါတီ – တပ် – တပ်ပေါင်းစု)

■ မျက်မှောက်တော်လှန်ရေးရဲ့ ရန်သူ

စစ်အာဏာရှင်စနစ် (စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်ဗျူရိုကရေစီယန္တရား)ဟာ ဗမာပြည် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးရဲ့ ရန်သူဖြစ်တယ်။

■ မျက်မှောက် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးရဲ့ တွန်းအားနဲ့ မိတ်ဆွေ

အလုပ်သမားလူတန်းစား(ပစ္စည်းမဲ့လူတန်းစား)ဟာ တော်လှန်ရေးရဲ့ ခေါင်းဆောင်လူတန်းစားဖြစ်တယ်။

မြေမဲ့ယာမဲ့ လယ်ယာပစ္စည်းမဲ့၊ လယ်ယာစာရင်းငှား၊ ဆင်းရဲလယ်သမား၊ အလတ်

အောက်လွှာလယ်သမားတို့ဟာ အလုပ်သမားလူတန်းစားရဲ့ မှီခိုအင်အားတွေဖြစ်တယ်။ ဒီအခြေအနေမှာ အလတ်အထက်လွှာလယ်သမားကို စည်းရုံးရမယ်။ အလုပ်သမား၊ လယ်သမား မဟာမိတ်ဖွဲ့မှုဟာ ဒီမိုကရေစီသစ်တော်လှန်ရေး(ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး) ရဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်။ ကျောင်းသားနဲ့ မြို့နေဆင်းရဲ (အဖိနှိပ်ခံ ဓနရှင်ပေါက်စနဲ့ ပညာတတ်များ၊ လုပ်ငန်းအလိုက် အလုပ်သမားများ၊ ကျပန်း အလုပ်သမားများ၊ အောက်ခြေဝန်ထမ်းများ အပါအဝင်) စတဲ့ စစ်အာဏာရှင်စနစ်ရဲ့ အဖိနှိပ်ခံလူတန်းစားများဟာ အလုပ်သမားလူတန်းစားရဲ့ ယုံကြည်စိတ်ချရတဲ့ မဟာမိတ်ဖြစ်တယ်။ ဒီလူတန်းစားတွေဟာ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးရဲ့ တွန်းအားများဖြစ်တယ်။

■ ပါတီရဲ့ကျေးလက်လူတန်းစားလမ်းစဉ်

ဆင်းရဲအခြေခံ၊ အလတ်မဟာမိတ်ဖွဲ့ ချမ်းသာ ကြားထား၊ နိုင်ငံတော်မြေရှင်စနစ် (ကိုယ့်ကိုယ်ကိုယ် နိုင်ငံတော်လို့သတ်မှတ်ပြီး မြေယာကို လက်ဝါးကြီးအုပ်ထားတဲ့ စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ် အစိုးရမြေရှင်စနစ်)ကို ဦးတည်တိုက် ဆိုတာ ဖြစ်တယ်။

■ တော်လှန်ရေးရဲ့ရည်ရွယ်ချက်

ဗမာပြည်ရှိ လူမျိုးပေါင်းစုံ အဖိနှိပ်ခံပြည်သူများအား စစ်အာဏာရှင်စနစ်အောက်မှ လွတ်မြောက်စေကာ အမျိုးသားအသီးသီး တန်းတူညီမျှတဲ့ (ဆိုလိုသည်မှာ) အလုပ်သမား၊ လယ်သမား၊ အဖိနှိပ်ခံပြည်သူ၊ အဖိနှိပ်ခံအမျိုးသားတို့ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ စာပေယဉ်ကျေးမှုအရ၊ ဓလေ့ထုံးထမ်းအရ လွတ်မြောက်တဲ့အခြေခံအပေါ်မှာ တန်းတူရေး သွေးစည်းညီညွတ်ရေးရရှိပြီး ပုံစံသစ်ဖြစ်တဲ့ ပြည်သူ့ဒီမိုကရေစီ သမ္မတနိုင်ငံ ထူထောင်ရေးဖြစ်တယ်။

■ တော်လှန်ရေးရဲ့ နည်းပရိယာယ်လမ်းစဉ်

လက်နက်ကိုင်တိုက်ပွဲကို အဓိကထားပြီး အခြားတိုက်ပွဲသဏ္ဌာန်အမျိုးမျိုးနဲ့ ပေါင်းစပ်ရေးဟာ တော်လှန်ရေးအတွင်း ကျနော်တို့ရဲ့ နည်းပရိယာယ်လမ်းစဉ်ဖြစ်တယ်။

လက်နက်ကိုင်တိုက်ပွဲကို အဓိကထားပြီး အခြားတိုက်ပွဲသဏ္ဌာန်များကို စွန့်လွှတ်တဲ့အမြင်များကိုလည်း ပြတ်သားစွာ ဆန့်ကျင်တယ်။

အထူးသဖြင့် လက်နက်ကိုင်တိုက်ပွဲကို စွန့်လွှတ်ပြီး အခြားတိုက်ပွဲသဏ္ဌာန်များကို အဓိကထားတဲ့ (ဆိုလိုတာက ဥပဒေတွင်းတိုက်ပွဲကို အဓိကထားတဲ့) အမြင်များကိုလည်း ပြတ်ပြတ်သားသား ဆန့်ကျင်တယ်။

■ တော်လှန်ရေးရဲ့ သေနင်္ဂဗျူဟာ လမ်းညွှန်ချက်

– ကျေးလက်ကို အခြေခံ၊ မြို့ကိုဝိုင်း။

– မြို့ငယ်အရင်သိမ်း၊ မြို့ကြီး နောက်မှသိမ်း။

နောက်ဆုံးမှ အဆုံးသတ်တိုက်ပွဲနဲ့ အောင်ပွဲအရယူဆိုတဲ့ ရေရှည်ပြည်သူ့စစ်ပွဲ လမ်းညွှန်ချက်ဖြစ်တယ်။

ရေရှည်စစ်ပွဲဆိုင်ရာ ပြတ်ပြတ်သားသား ဆန့်ရမည့်အမြင်များ

– ရေရှည်ကြမ်းတမ်းခက်ခဲတဲ့ လက်နက်ကိုင်တိုက်ပွဲကို မဆင်နွှဲလိုတဲ့အမြင်။

– တော်လှန်ရေးစစ်ပွဲကို ကြောက်ရွံ့ငြီးငွေ့ပြီး တော်လှန်ရေးအပေါ် ယုံကြည်မှုပျက်ပြားတဲ့ ခနရှင်ပေါက်စတွေရဲ့ တွေဝေယိမ်းယိုင်တဲ့အမြင်။

– စစ်တိုက်ဖို့သာလိုလားပြီး အာဏာထူထောင်မှုကို ဂရုမစိုက်တဲ့ မှားယွင်းတဲ့အမြင်။

– ခနရှင်ပေါက်စလူတန်းစားရဲ့ စိတ်လောကြီးမှုမှပေါက်ဖွားလာတဲ့ ရေတိုစစ်အမြင်။

စိုက်ထူရမည့်အမြင်။

– အဆင်းရဲ အပင်ပန်းခံ ရေရှည်စစ် ဆင်နွှဲရေးအတွေးအခေါ် ကို စိုက်ထူရမယ်။

တိုက်ပွဲလမ်းညွှန်။

– ပြောက်ကျားစစ်ကို အဓိကထား၊ သာလွန်တဲ့ အချက်အလက်အောက်မှာ လှုပ်ရှား စစ်ကို လက်မလွှတ်စေရ။

– တိုက်ပွဲကြီးတွေသာလိုက်လိုပြီး ပြောက်ကျားစစ်ပွဲ မဆင်နွှဲလိုတဲ့ မှားယွင်းတဲ့ အတွေးအခေါ် များကို ပြတ်ပြတ်သားသား ဆန့်ကျင်ရမယ်။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ လက္ခဏာ

ဗမာပြည် ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) ဟာ တော်လှန်တဲ့ နိုင်ငံရေး တာဝန်ကိုထမ်းဆောင်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းဖြစ်တယ်။

တော်လှန်စစ် ဆင်နွှဲရာမှာ အဓိကထားရမယ့် အင်အားဖြစ်တယ်။

ပြည်သူလူထုကို စိတ်ရောကိုယ်ပါ အလုပ်အကျွေးပြုတဲ့ တပ်မတော်ဖြစ်တယ်။

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အကြွင်းမဲ့ခေါင်းဆောင်မှုအောက်မှာရှိတဲ့ ပုံစံသစ် တပ်မတော်တရပ်ဖြစ်တယ်။

ပစ္စည်းမဲ့အာဏာရှင်စနစ်ရဲ့ မဏ္ဍိုင်တရပ်ဖြစ်တယ်။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ ရည်ရွယ်ချက်။

ပြည်သူလူထုနဲ့အတူတကွ တသမတ်တည်းရပ်တည်ကာ ပြည်သူလူထုကို စိတ်ရော ကိုယ်ပါ အလုပ်အကျွေးပြုခြင်းဟာ ငါတို့တပ်မတော်ရဲ့ တခုတည်းသော ရည်ရွယ်ချက် ဖြစ်တယ်။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သားများရဲ့ အပြန်အလှန်ဆက်ဆံမှု

ငါတို့ဟာ တော်လှန်ရေးရည်မှန်းချက်အတွက် အနယ်နယ်အရပ်ရပ်က လာရောက်ဆုံစည်းကြတာဖြစ်တယ်။ တပ်မှူး၊ တပ်သား အားလုံးဟာ လူတန်းစားညီအစ်ကိုတွေဖြစ်ကြတယ်။ တော်လှန်တဲ့ ရဲဘော်တွေဖြစ်ကြတယ်။ အားလုံးဟာ နိုင်ငံရေးအရ တန်းတူရည်တူဖြစ်ကြတယ်။ တပ်မှူး၊ တပ်သားဟာ တသားတည်းဖြစ်တယ်။ တာဝန်ကြီးငယ်မရွေး ပြည်သူလူထုကို အလုပ်အကျွေးပြုသူများဖြစ်တယ်။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သားများရဲ့ အပြန်အလှန်ဆက်ဆံမှုမှာ အခြေခံဖြစ်တယ်။

ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သားအားလုံးဟာ သွေးစည်းညီညွတ်ကြရမယ်။

လစ်ဘရယ်ဝါဒ၊ ဂိုဏ်းဂဏဝါဒ၊ ဌာနစွဲဝါဒ၊ စစ်ဘုရင်ဝါဒ၊ မင်းမဲ့ဝါဒတို့ကိုဆန့်ကျင်ပြီး တပ်မတော်တည်ဆောက်ရေးကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရမယ်။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ တာဝန်ကြီး(၃)ရပ်

၁။ တိုက်ခိုက်ရေးတာဝန်

၂။ ပြည်သူလူထုကို ဝါဒဖြန့်စည်းရုံးရေးတာဝန်

၃။ ထုတ်လုပ်ရေးတာဝန်

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ ဂုဏ်ပြောင်တဲ့အစဉ်အလာများ

– သဘောတရားနဲ့ လက်တွေ့ပေါင်းစပ်တဲ့၊ လူထုနဲ့ သိပ်သိပ်သည်းသည်းဆက်သွယ်

ပြီး ဝေဖန်ရေးနဲ့ မိမိကိုယ်ကိုယ် ဝေဖန်တဲ့ လုပ်ဟန်။

– စိတ်ထားနှိမ့်ချပြီး မာနမကြီး၊ သတိ ဝီရိယရှိစွာနဲ့ အဆင်းရဲ အပင်ပန်းခံ လုံးပန်းတိုက်ခိုက်တဲ့လုပ်ဟန်။

– ညီညီညွတ်ညွတ်၊ ထထကြွကြွ၊ တည်တည်ကြည်ကြည်၊ ဖျတ်ဖျတ်လတ်လတ်ရှိတဲ့ လုပ်ဟန်။

– ရဲရဲရင့်ရင့် တိုက်ခိုက်တဲ့၊ အသက်စွန့်ရမှာမကြောက်တဲ့၊ ပင်ပန်းဆင်းရဲမှာမကြောက်တဲ့၊ ဆက်တိုက် အဆက်မပြတ် တိုက်ခိုက်တဲ့လုပ်ဟန်များ။

စတာတွေဟာ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ ဂုဏ်ပြောင်တဲ့ အစဉ်အလာများဖြစ်တယ်။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ (၃–၈) လုပ်ဟန်

စကား(၃)ခွန်း

၁။ ကြံ့ခိုင်မှန်ကန်တဲ့ နိုင်ငံရေးဦးတည်ချက်။

၂။ ရိုးရိုးကုပ်ကုပ် အဆင်းရဲအပင်ပန်းခံတဲ့လုပ်ဟန်။

၃။ လျင်မြန်ပါးနပ် ကျင်လည်တဲ့ သေနင်္ဗျူဟာနဲ့ စစ်ပရိယာယ်။

စာ(၈)လုံး

– ညီညွတ်၊ ထကြွ၊ တည်ကြည်၊ ဖျတ်လတ်။

ဒီစကား(၃)ခွန်း၊ စာ(၈)လုံးတို့ဟာ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ (၃–၈) လုပ်ဟန်ဖြစ်ပါတယ်။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ စည်းကမ်း

(က) ပါတီလမ်းစဉ်၊ ပါတီလမ်းညွှန်ချက်များ၊ ပါတီပေါ်လစီ၊ စည်းရုံးရေးစည်းကမ်းများကို လိုက်နာစောင့်ထိန်းရမယ်။

(ခ) ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ စည်းကမ်းကြီး(၃)ရပ်နဲ့ သတိပြုရန်(၈)ချက်ကို လိုက်နာဆောင်ရွက်ရမယ်။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ စည်းကမ်းကြီး(၃)ရပ်နဲ့ သတိပြုရန်(၈)ချက်

စည်းကမ်းကြီး(၃)ရပ်

၁။ ဘာပဲလုပ်လုပ် အထက်အမိန့်ကို နာခံရမယ်။

၂။ ပြည်သူ့ပစ္စည်းကို အပ်တချောင်း၊ ချည်တမျှင်မျှ မယူရ။

၃။ စစ်မြေပြင်က သိမ်းပိုက်ရရှိသမျှကို အများပိုင်ဆိုင်စေရမယ်။

သတိပြုရန်(၈)ချက်

၁။ စကားပြောရင် ချိုချိုသာသာ ပြောရမယ်။

၂။ စျေးဝယ်ရင် တန်ရာတန်ဖိုး ပေးရမယ်။

၃။ ပြည်သူလူထုထံမှ ငှားယူတဲ့ပစ္စည်းတွေကို ပြန်အပ်ရမယ်။ ပစ္စည်းပျက်ရင် လျော်ကြေးပေးရမယ်။

၄။ မူးယစ်စေသော အရက်၊ ဆေးဝါးများ မသောက်သုံးရ၊ လောင်းကစားမပြုရ။

၅။ ပြည်သူလူထုရဲ့ စိုက်ခင်းများကို မဖျက်ဆီးရ။

၆။ အမျိုးသမီးများအပေါ် သဘောထားဖြူစင်ရမယ်။

၇။ အမျိုးသားတိုင်းရဲ့ ဓလေ့ထုံးစံများကို လေးစားရမယ်။

၈။ စစ်သုံ့ပန်းများကို မညှဉ်းဆဲရ။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သားတိုင်း ထားရှိရမယ့် စည်းကမ်းဆိုင်ရာစိတ်ဓာတ်

စည်းကမ်းလိုက်နာ စောင့်ထိန်းရေးဟာ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သားများရဲ့ အရေးကြီးတဲ့ တာဝန်ဝတ္တရားဖြစ်တယ်။

၁။ မည်သည့်အချိန်အခါ မည်သည့်နေရာမျိုးမှာဖြစ်ဖြစ်၊ အသက်အန္တရာယ်နဲ့ ကြုံတွေ့ရတဲ့အခါဖြစ်ဖြစ် အသိရှိစွာနဲ့ စည်းမျဉ်းစည်းကမ်းများ လိုက်နာစောင့်ထိန်းကြရမယ်။ ထိန်းသိမ်းကာကွယ်ကြရမယ်။

၂။ အခြားတဦးတယောက်က မိမိ စည်းကမ်းပျက်ကွက်မှုကို တားမြစ်တဲ့အခါ စိတ်ထားနှိမ့်ချစွာ လက်ခံရမယ်။ ကိုယ့်အမှားကို ချက်ချင်းပြုပြင်ရမယ်။ ပြီးရင် အထက်အဖွဲ့အစည်းကိုလည်း အစီရင်ခံရမယ်။

၃။ အခြားသူက စည်းကမ်းပျက်ကွက်နေရင် ဖျောင်းဖျပြီး တားမြစ်ရမယ်။ အခြားတပ်မတော်သားများရဲ့ စံပြလုပ်ရပ်များနဲ့ စည်းမဲ့ကမ်းမဲ့လုပ်ရပ်များကို အချိန်မီ အထက်သို့ အစီရင်ခံရမယ်။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ ဒီမိုကရေစီ(၃)ရပ်

၁။ နိုင်ငံရေးဒီမိုကရေစီ

– တပ်မှူး၊ တပ်သားတိုင်းဟာ နိုင်ငံရေးအရ တန်းတူဖြစ်တယ်။ ဗမာပြည်ကွန်မြူ

နစ်ပါတီကခေါင်းဆောင်တဲ့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ တော်လှန်ရေးရဲဘော်များဖြစ်တယ်။

– တပ်သားများဟာ တပ်မှူးကို ဝေဖန်နိုင်တယ်။ ထင်မြင်ချက်ရှိရင် တင်ပြနိုင်တယ်။

– လုပ်ငန်းများအပေါ် အကြံပေးနိုင်တယ်။

– တပ်မှူးများဟာ တပ်သားရဲဘော်များရဲ့ ဒီမိုကရေစီအခွင့်အရေးကို လေးစားရုံမက ကာကွယ်ထိန်းသိမ်းပေးရမယ်။

– တပ်မှူးများက လက်စားချေတာမျိုး၊ ဝေဖန်ရေးကို တားမြစ်ပိတ်ပင်တာမျိုး မလုပ်ရ။

၂။ စီးပွားရေးဒီမိုကရေစီ

– အခြေခံယူနစ်(ဥပမာ–တပ်ခွဲ)မှာ ရဲဘော်အားလုံး ရွေးကောက်တင်မြှောက်ထားတဲ့ စီးပွားရေးကော်မတီရှိရမယ်။

– ၎င်းကော်မတီက ရိက္ခာဆိုင်ရာ စီမံအုပ်ချုပ်ရေးမှာ တပ်မှူးကို အထောက်အကူပြုရမယ်။ ငွေကြေးသုံးစွဲမှုကို ကြပ်မတ်ရမယ်။ စာရင်းဇယားကို အပတ်စဉ် စစ်ဆေးကြေညာရမယ်။ ဖြုန်းတီးမှု၊ ခေါင်းပုံဖြတ်မှုနဲ့ ပေါ်လစီအား ဆန့်ကျင်တဲ့လုပ်ရပ်များကို တားဆီးတိုက်ပွဲဆင်ရမယ်။

၃။ စစ်ရေးဒီမိုကရေစီ

– စစ်ရေးလေ့ကျင့်ရေးမှာ တပ်မှူးတပ်သား အပြန်အလှန် သင်ကြားပို့ချ၊ တပ်သားအချင်းချင်း အပြန်အလှန် သင်ကြားပို့ချတဲ့စနစ်ကို ကျင့်သုံးရမယ်။ တိုက်ပွဲမပြုလုပ်ခင်မှာ တိုက်ပွဲကို ဘယ်လို အောင်မြင်အောင် တိုက်မယ်ဆိုတာ တပ်သားထုအတွင်း

လှုံ့ဆော်တာ၊ ဆွေးနွေးတာ၊ သဘောထားနဲ့ အကြံဉာဏ်ရယူတာတွေလုပ်ရမယ်။ တိုက်ပွဲပြီးရင် နိဂုံးချုပ်ဆွေးနွေးပွဲတွေလုပ်ရမယ်။ ဒါတွေအားလုံးမှာ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သားတိုင်း ပါဝင်ပြီး အမြင်တင်ပြခွင့်ရှိတယ်။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ တပ်မှူးတပ်သား ဆက်ဆံရေး

တပ်သားများအပေါ် ချစ်ခင်ကြင်နာ၊ တပ်မှူးများအပေါ် လေးစားရေးဟာ အခြေခံထားရှိရမယ့် စိတ်ဓာတ်ဖြစ်တယ်။

တပ်မှူးများက တပ်သားများအပေါ် ထားရှိရမယ့်သဘောထား။

– တပ်သားများအပေါ် တန်းတူညီမျှ သဘောထားနဲ့ ဆက်ဆံရမယ်။ တပ်သားများနဲ့ တသားတည်းဖြစ်အောင် ဆက်ဆံပေါင်းသင်းရမယ်။ ထူးခြားမှုမဖြစ်စေရ။

– တပ်သားရဲဘော်များရဲ့ တိုးတက်မှုကို ဂရုစိုက်ရမယ်။ နိုင်ငံရေး နိုးကြားမှု၊ အတတ်ပညာ၊ စစ်ပရိယာယ် ရေချိန်တို့ကို အဆက်မပြတ်မြှင့်တင်ပေးရမယ်။

– တပ်သားရဲဘော်များရဲ့ ဒီမိုကရေစီအခွင့်အရေးကို လေးစားရမယ်။

– တပ်သားရဲဘော်များရဲ့ ထင်မြင်ချက်များကို စိတ်ထားနှိမ့်ချစွာ နားထောင်ရမယ်။

– ရဲဘော်များရဲ့ ဒီမိုကရေစီကို ချိုးနှိမ်တာ၊ လက်စားချေတာမျိုး မလုပ်ရ။

– ရဲဘော်များရဲ့ လုံခြုံရေးနဲ့ ကျန်းမာရေးကို ဂရုစိုက်ရမယ်။

– အတွေးအခေါ်လုပ်ငန်းကို စေ့စပ်သေချာစွာလုပ်ပြီး ရဲဘော်များရဲ့ လက်တွေ့ပြဿနာကို ဂရုစိုက် နားလည်ယူရမယ်။

တပ်သားရဲဘော်များက တပ်မှူးများအပေါ် ထားရှိရမယ့် သဘောထား။

– တပ်မှူးများကို လေးစားထောက်ခံရမယ်။

– ခေါင်းဆောင်ကို နာခံရမယ်။

– အမိန့်ကို ပြတ်ပြတ်သားသား လိုက်နာဆောင်ရွက်ရမယ်။

– တာဝန်တွေကို တက်တက်ကြွကြွ ထမ်းဆောင်ရမယ်။

– မိမိရဲ့အတွေးအခေါ် အခြေအနေများကို အသိရှိစွာ ခေါင်းဆောင်များထံ အစီရင်ခံရမယ်။ ခေါင်းဆောင်ရဲ့ပညာပေးမှုကို နှိမ့်နှိမ့်ချချ လက်ခံရမယ်။

– ခေါင်းဆောင်များအပေါ် နိုင်ငံရေးအရ ဂရုစိုက်ရမယ်။

– ခေါင်းဆောင်အပေါ် ထင်မြင်ချက်ရှိရင် ကာယကံရှင်ကိုဖြစ်စေ၊ အထက် အဖွဲ့အစည်းထံဖြစ်စေ တင်ပြရမယ်။ ရှေ့တွင် ခံပြောတာမျိုး မလုပ်ရ။ ကွယ်ရာမှာ အပုပ်ချပြောတာမျိုးမလုပ်ရ။

– ခေါင်းဆောင်များနဲ့ ရဲဘော်များအား အသက်ဘေးအန္တရာယ်ကြုံတွေ့နေပါက ရဲရင့်စွာ ကာကွယ်စောင့်ရှောက်ပေးရမယ်။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ပြည်သူကို ချစ်မြတ်နိုးခြင်းစိတ်ဓာတ်

– အမျိုးသားအသီးသီး ပြည်သူလူထုအပေါ် ချစ်မြတ်နိုးတဲ့စိတ်ဓာတ်ရှိရမယ်။

– ပါတီရဲ့ လမ်းညွှန်ပေါ်လစီနဲ့ စည်းရုံးရေးစည်းကမ်းများကို လိုက်နာသလို လူထုစည်းကမ်းများကို လိုက်နာရမယ်။ စည်းကမ်းကြီး(၃)ရပ်နဲ့ သတိပြုရန်(၈)ချက်ကို လိုက်နာရမယ်။

– ဒေသခံ ကေဒါခေါင်းဆောင်များကို လေးစားရမယ်။

– ဒေသခံအဖွဲ့အစည်းများနဲ့ အမျိုးသားအသီးသီးပြည်သူများရဲ့ ထင်မြင်ချက်များကို စိတ်ထားနှိမ့်ချစွာ ခံယူရမယ်။ သူတို့ထံမှ လေ့လာရမယ်။

– အခြေခံဒေသရဲ့ တော်လှန်ရေးတိုက်ပွဲ၊ အခြေခံဒေသရဲ့ ထုတ်လုပ်ရေးတိုက်ပွဲနဲ့ အခြေခံဒေသတည်ဆောက်ရေးတိုက်ပွဲတို့ကို ကိုယ်ကျိုးမဖက် အားပေးထောက်ခံကြရမယ်။ တော်လှန်ရေးအခြေခံဒေသကို ရဲရဲရင့်ရင့် ကာကွယ်ကြရမယ်။

– ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရောက်ရှိရာ ဒေသတိုင်းမှာ အထူးသဖြင့် ပြောက်ကျားဒေသသစ်နဲ့ မလွတ်မြောက်သေးတဲ့ဒေသများမှ လူထုစည်းကမ်းကို အထူးတင်းကျပ်စွာ လိုက်နာစောင့်ထိန်းရမယ်။

– ပါတီနဲ့ တပ်မတော်တို့ရဲ့ နိုင်ငံရေးဂယက်ကို ကောင်းမွန်စေဖို့ အစွမ်းကုန်ကြိုးစားပြီး တိုးချဲ့ကြရမယ်။

– လူထုကို ကောင်းမှုပြုကာ လူထုအခက်အခဲတွေကို ကူညီဖြေရှင်းတာတွေ လုပ်ကြရမယ်။

■ ပါတီက ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အပေါ် ခေါင်းဆောင်မှုစနစ်

ကျနော်တို့ရဲ့မူက – ပါတီက သေနတ်ကို အမိန့်ပေးတာဖြစ်တယ်။ သေနတ်က ပါတီကိုအမိန့်ပေးတာမျိုး ဘယ်နည်းနဲ့မှ ခွင့်မပြု။

ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ တညီတညွတ်တည်းသော ခေါင်းဆောင်မှုနဲ့ စည်းလုံးညီညွတ်ရေးရဲ့အမြုတေဟာ တပ်တွင်းရှိ အဆင့်ဆင့်သော ကော်မတီတွေနဲ့ ကလာပ်စည်းတွေဖြစ်ပါတယ်။

ပါတီကော်မတီတွေက စုပေါင်းခေါင်းဆောင်မှုနစ် ကျင့်သုံးတယ်။ အဲဒီအောက်မှာ

တပ်မှူးများကို တာဝန်ခွဲဝေပေးထားတယ်။ ဒါဟာ ပါတီက တပ်ကိုခေါင်းဆောင်တဲ့ အခြေခံစနစ်ဖြစ်တယ်။

တပ်တွင်းရှိ အရေးကြီးတဲ့ကိစ္စအားလုံးကို ပါတီကော်မတီ(သို့မဟုတ်)ကလာပ်စည်းများမှာ ဆွေးနွေးပြီး ဆုံးဖြတ်ချက်ပေးရမယ်။ အဲဒီဆုံးဖြတ်ချက်အရ စစ်ရေးခေါင်းဆောင်များကို တာဝန်ခွဲပေးရမယ်။ တာဝန်ခွဲဝေမှုအရ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမယ်။

အရေးပေါ် အခြေအနေများမှာ ခေါင်းဆောင်လုပ်သူက ဆုံးဖြတ်စီစဉ်နိုင်တယ်။ ဒါပေမဲ့ မိမိစီစဉ်ခဲ့တဲ့ပြဿနာများကို ပါတီကော်မတီ(သို့မဟုတ်) ကလာပ်စည်းထံသို့ အစီရင်ခံရမယ်။ ဆုံးဖြတ်အတည်ပြုချက် ရယူရမယ်။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ နိုင်ငံရေးလုပ်ငန်းစနစ်

တပ်တွင်း နိုင်ငံရေးလုပ်ဟန်ဟာ တပ်ရဲ့ ဝိညာဉ်ဖြစ်တယ်။ ပါတီက တပ်ကို အကြွင်းမဲ့ခေါင်းဆောင်ရန် အာမခံနိုင်ဖို့အတွက် တပ်တွင်းနိုင်ငံရေးလုပ်ငန်းစနစ်ကို တည်ဆောက်သွားကြရမယ်။

စစ်ဒေသတည်ထောင်ပြီးရင် စစ်ဒေသ ပါတီကော်မတီခေါင်းဆောင်မှုအောက်မှာ နိုင်ငံရေးဌာနကြီးတည်ဆောက်ပြီး နိုင်ငံရေးလုပ်ငန်းအားလုံး အကောင်အထည်ဖော်ဆောင်ရွက်ရမယ်။

တပ်မဟာအဆင့်နဲ့အထက် တပ်မဟာ ပါတီကော်မတီစသဖြင့် အဆင့်ဆင့် ပါတီကော်မတီများရှိရမယ်။ ၎င်းအောက်မှာ နိုင်ငံရေးဌာနခွဲများ ထားရှိရမယ်။

တပ်ရင်းအဆင့်မှာ တပ်ရင်းအဆင့်ရှိ ပါတီကော်မတီများ ရှိရမယ်။ ပါတီကော်မတီဦးဆောင်မှုအောက်မှာ နိုင်ငံရေးအဖွဲ့ခွဲများက နိုင်ငံရေးလုပ်ငန်း လုပ်ဆောင်တယ်။

တပ်ခွဲနဲ့ တပ်ခွဲအဆင့်ရှိဌာနများမှာ ပါတီကလာပ်စည်းရှိရမယ်။ ပါတီကလာပ်စည်းခေါင်းဆောင်မှုအောက်မှာ နိုင်ငံရေးလုပ်ငန်းများ အကောင်အထည်ဖော်ရမယ်။

■ တပ်တွင်း နိုင်ငံရေးလုပ်ငန်းရဲ့ မူကြီး(၃)ရပ်

(၁) တပ်မှူးတပ်သား တစည်းတလုံးတည်းရှိရေးမူ။

တပ်မှူးတပ်သား ရဲဘော်အားလုံး လူတန်းစားညီအစ်ကိုတွေဖြစ်ကြတယ်။ ရဲဘော်အားလုံး နိုင်ငံရေးအရ လုံးဝ တန်းတူမှုရှိတယ်။ တပ်မှူးတပ်သားဆိုတာ လုပ်ငန်းတာဝန်ခွဲဝေမှုသာဖြစ်ပြီး အယုတ်အမြတ်မခွဲဘဲ သွေးစည်းချစ်ခင်ရမယ်။ ဒီမိုကရေစီစနစ် ကျင့်သုံးရမယ်။ အေးအတူ ပူအမျှနေထိုင်ပြီး ရဲရဲရင့်ရင့် တိုက်ပွဲဝင်ကြရမယ်။ တပ်မှူးတပ်သားအားလုံး စည်းကမ်းများကို အသိရှိရှိ လိုက်နာကျင့်သုံးကြရမယ်။

(၂) တပ်နဲ့ပြည်သူ တစည်းတလုံးတည်းရှိရေးမူ။

တပ်နဲ့ပြည်သူဟာ ငါးနဲ့ရေလိုပဲ ခွဲခွာလို့မရဘူး။ တပ်က ပြည်သူလူထုကို ချစ်ခင်ကြင်နာရမယ်။ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ရမယ်။ ဒေသခံကေဒါခေါင်းဆောင်များကို လေးစားရမယ်။ လူထုစည်းကမ်းများကို တင်းကျပ်စွာ လိုက်နာရမယ်။ လူထုကို ဝါဒဖြန့်စည်းရုံးရမယ်။ လက်နပ်တပ်ဆင်ပေးရမယ်။ ပြည်သူ့အာဏာတည်ဆောက်ရေးမှာ ပါဝင်လုပ်ဆောင်ကြရမယ်။ ပြည်သူလူထုရဲ့ တိုက်ပွဲအမျိုးမျိုးနဲ့ ထုတ်လုပ်ရေးလုပ်ငန်းများကို ထောက်ခံအားပေးကြရမယ်။

(၃) ရန်သူ့တပ် ဖြိုခွဲရေးမူ။

ရန်သူ့တပ်ကို နိုင်ငံရေးဝါဒဖြန့်ချိမှု လုပ်ရမယ်။ နိုင်ငံရေးထိုးစစ်အနေနဲ့ ရန်သူ့တပ်ရဲ့ တိုက်ခိုက်ရေးစိတ်ဓာတ်ကို ချိုးနှိမ်ပစ်ရမယ်။ ရန်သူရဲ့ တိုက်ခိုက်ရေးအင်အားကို ဖြို ခွဲပစ်ရမယ်။ သူ့တပ်ကို ပုန်ကန်ပြီး ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဘက်သို့ ကူး

ပြောင်းလာအောင် ကြိုးစားကြရမယ်။

စစ်သုံ့ပန်းများအပေါ် သက်ညှာရေးပေါ်လစီ ကျင့်သုံးရမယ်။ သုံ့ပန်းဖြစ်သွားရင် သတ်ဖြတ်တာ၊ ရိုက်နှက်တာ၊ စော်ကားတာ မလုပ်ရ။ သူတို့ကိုယ်ပိုင်ပစ္စည်းများကို မသိမ်းရ။ ဒဏ်ရာရရင်လည်း ဆေးကုသပေးရမယ်။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ စည်းရုံးရေးမူကြီး(၄)ရပ်

၁။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နဲ့ ပြည်သူ တစည်းတလုံးတည်းရှိရေး။

၂။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နဲ့ (နောင်အခါထူထောင်မယ့်) တော်လှန်တဲ့ ပြည်သူ့အစိုးရ တစည်းတလုံးတည်းရှိရေး။

၃။ တပ်မှူးတပ်သား တစည်းတလုံးတည်းရှိရေး။

၄။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တရပ်လုံး တစည်းတလုံးတည်းရှိရေး။

■ တပ်ခွဲပါတီကလာပ်စည်း

တပ်ခွဲတိုင်းမှာ ပါတီကလာပ်စည်း တည်ဆောက်ထားရမယ်။ ပါတီကလာပ်စည်းဟာ တပ်တွင်း အောက်ခြေအဆင့် ပါတီအဖွဲ့အစည်းဖြစ်တယ်။ ကလာပ်စည်းဟာ နိုင်ငံရေး၊ တွေးခေါ်မှုအရ၊ စည်းရုံးရေးအရ တစည်းတလုံးတည်းဖြစ်ရမယ်။ ကလာပ်စည်းမှတဆင့် တပ်မှူးတပ်သားတွေကို ဆက်သွယ်တာဖြစ်ရမယ်။ ကလာပ်စည်းတွေဟာ တပ်ခွဲရဲ့ တခုတည်းသော ခေါင်းဆောင်မှုနဲ့ သွေးစည်းညီညွတ်မှုရဲ့ အမြုတေဖြစ်ပါတယ်။ တိုက်ပွဲဝင်ရေးအတွက် တောင့်တင်းကြံ့ခိုင်တဲ့ ခံကတုတ်လည်းဖြစ်တယ်။

တပ်ခွဲကလာပ်စည်းဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို လုပ်ငန်းအားလုံးရဲ့ တွေးခေါ်မှုလမ်းညွှန်အဖြစ် ထားရမယ်။

ပါတီရဲ့ လမ်းညွှန်ပေါ်လစီနဲ့ စည်းရုံးရေးစည်းကမ်းများကို ပြတ်ပြတ်သားသား လိုက်နာဆောင်ရွက်ရမယ်။

တပ်ခွဲပါတီကလာပ်စည်းဟာ အထက်ပါတီအဖွဲ့အစည်းရဲ့ ညွှန်ကြားချက်ကို တပ်ခွဲရဲ့ အခိုင်အမာအခြေအနေနဲ့ပေါင်းစပ်ပြီး တပ်ခွဲရဲ့လုပ်ငန်းများကို ဦးဆောင်သွားရမယ်။ ကလာပ်စည်းကတဆင့် တပ်ခွဲကို ပါတီရဲ့ အကြွင်းမဲ့ခေါင်းဆောင်မှုအောက်မှာ တည်ရှိနေစေရမယ်။ တပ်ခွဲကို ကြံ့ခိုင်တဲ့နိုင်ငံရေးဦးတည်ချက်ရှိတဲ့၊ ဇွဲလုံ့လ ဝီရိယရှိတဲ့၊ စည်းကမ်းကို တင်းတင်းကြပ်ကြပ်လိုက်နာတဲ့ တပ်ဖွဲ့ဖြစ်အောင် တည်ဆောက်ရမယ်။

အရေးပေါ် အခြေအနေကို တပ်ခွဲခေါင်းဆောင်များက ဆုံးဖြတ်ဖြေရှင်းနိုင်တယ်။ ထို့နောက် ၎င်းအခြေအနေကို ကလာပ်စည်းသို့ အစီရင်ခံကာ ဆုံးဖြတ်အတည်ပြုချက် ရယူရပါမယ်။ သာမန်အချိန်မှာ တပ်ခွဲရှိ အရေးကြီးကိစ္စများကို ကလာပ်စည်းကော်မတီမှာ ဆွေးနွေးဆုံးဖြတ်ပြီး တပ်ခွဲကေဒါများမှတဆင့် တာဝန်ယူဆောင်ရွက်သွားရပါမယ်။

တပ်ခွဲမှူးနဲ့ တပ်ခွဲနိုင်ငံရေးမှူးတို့ဟာ တပ်ခွဲတခုလုံးမှ ရဲဘော်များအပေါ် အတူတကွ တာဝန်ယူတဲ့ ခေါင်းဆောင်များဖြစ်ပါတယ်။

■ တပ်ခွဲရဲ့ တော်လှန်ရေး တပ်သားကော်မတီ။

တပ်သားကော်မတီဟာ တပ်ခွဲရှိရဲဘော်အားလုံးတို့က ရွေးကောက်တင်မြှောက်ထားတဲ့ တပ်သားထုအဖွဲ့အစည်းဖြစ်တယ်။ ပါတီကလာပ်စည်းရဲ့ ခေါင်းဆောင်မှုနဲ့ တပ်ခွဲရဲ့ ခေါင်းဆောင်တပ်မှူးများရဲ့ ညွှန်ကြားမှုအရ လုပ်ငန်းများကို ဆောင်ရွက်ပေးရတယ်။နိုင်ငံရေးဒီမိုကရေစီ၊ စီးပွားရေးဒီမိုကရေစီ၊ စစ်ရေးဒီမိုကရေစီတို့ ထွန်းကားဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးရတယ်။ လူထုလက္ခဏာဆောင်တဲ့ စာပေလေ့လာရေး၊ ယဉ်ကျေးမှု၊ ပျော်ရွှင်မှုဆိုင်ရာအဖွဲ့ငယ်များ၊ ဝါဒဖြန့်ချိရေးအဖွဲ့ငယ်များ၊ အားကစား

နဲ့ ကျန်းမာရေးဆိုင်ရာ အဖွဲ့ငယ်များဖွဲ့စည်းပြီး လုပ်ငန်းများကို ဆောင်ရွက်ရမယ်။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သားများရဲ့ အခြေခံတာဝန်ဝတ္တရားများ

၁။ မာ့က်စ် လီနင် ဝါဒ၊ မော်စီတုန်းအတွေးအခေါ် နဲ့ ပါတီလမ်းစဉ်ပေါ်လစီများ၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်များကို ကြိုးစားလေ့လာရမယ်။

၂။ ပြည်သူကို စိတ်ရောကိုယ်ပါ အလုပ်အကျွေးပြုရမယ်။

၃။ ပါတီလမ်းစဉ်ပေါ်လစီနဲ့ စည်းရုံးရေးစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမယ်။

ပြည်သူ့အဖွဲ့အစည်းများရဲ့ စည်းမျဉ်းဥပဒေများကို လိုက်နာစောင့်ထိန်းရမယ်။ စည်းကမ်းကြီး(၃)ရပ်၊ သတိပြုရန်(၈)ချက်ကို တင်းကြပ်စွာ လိုက်နာရမယ်။ အမိန့်ကို ပြတ်ပြတ်သားသား နာခံရမယ်။

၄။ ပင်ပန်းမှာမကြောက်၊ အသက်စွန့်ရမှာမကြောက်တဲ့ တော်လှန်ရေးစိတ်ဓာတ်ကို ဖွံ့ဖြိုးစေရမယ်။ တိုက်ခိုက်ရေးတာဝန်ကို ပြတ်သားစွာ အောင်မြင်အောင် ဆောင်ရွက်ရမယ်။

၅။ စစ်ရေးကို ကြိုးစားလေ့လာ၊ စစ်အတတ်ပညာနဲ့ စစ်ပရိယာယ်ဆိုင်ရာ ရေချိန်ကို အဆက်မပြတ် မြှင့်တင်သွားကြရမယ်။

၆။ လက်နက်ပစ္စည်းများနဲ့ အများဆိုင်ရာပစ္စည်းများကို မြတ်နိုးရမယ်။ ခြိုးခြံချွေတာရမယ်။ စုပေါင်းထုတ်လုပ်ရေး(ဥပမာ–စိုက်ပျိုးရေးကဲ့သို့သော လုပ်ငန်းမျိုး)မှာ တက်ကြွစွာပါဝင်ရမယ်။

၇။ ပြည်သူလူထုကို ချစ်ခင်၊ ပြည်သူလူထုထံမှ စိတ်ထားနှိမ့်ချစွာ လေ့လာသင်ကြား

ရမယ်။ ဒေသတည်ဆောက်ရေးလုပ်ငန်းများမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရမယ်။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သားများရဲ့ တိုင်တန်းခွင့်နဲ့ အယူခံခွင့် အာဏာ

တိုင်တန်းခွင့်နဲ့ အယူခံ တင်ပြခွင့်တို့ဟာ တပ်သားတိုင်းရဲ့ ဒီမိုကရေစီအခွင့်အာဏာဖြစ်တယ်။ ဒီအခွင့်အာဏာများ ကျင့်သုံးခြင်းဖြင့် တပ်သားထုအင်အားနဲ့ တပ်ကို ကြပ်မတ်ထိန်းသိမ်းပေးရေးတို့ကို ရည်ရွယ်တယ်။ စည်းကမ်းမဲ့ အခြင်းအရာများ၊ တော်လှန်ရေးကို ဖျက်ဆီးတဲ့ အခြင်းအရာများနဲ့ပတ်သက်လို့ တပ်သားတိုင်းက တိုင်တန်းခွင့်ရှိတယ်။

သက်ဆိုင်ရာခေါင်းဆောင်များရဲ့ အရေးယူမှုဟာ မသင့်လျော်ဟု ထင်မြင်ပါက အယူခံတင်သွင်းနိုင်ခွင့်ရှိတယ်။

တိုင်တန်းခွင့်၊ အယူခံခွင့်နဲ့ပတ်သက်ရင် အဆင့်ကျော်ပြီး ဗဟိုကော်မတီအထိ စာဖြင့် ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ တင်ပြနိုင်တယ်။

ခေါင်းဆောင်များက တပ်သားရဲ့ တိုင်တန်းချက်ကို အချိန်မီ စုံစမ်းလေ့လာပြီး ဖြေရှင်းပေးရမယ်။ တားမြစ်ခြင်း၊ ဘေးချိတ်ထားခြင်း၊ အချိန်ဆွဲခြင်းများ မလုပ်ရ။

အယူခံသူဘက်မှ မှန်ကန်နေပါက (သို့မဟုတ်) မူလစီရင်ချက်သည် မသင့်လျော်ကြောင်း ခိုင်လုံပါက မူလစီရင်ချက်ကို ပြင်ပစ်ရမည်။

စွဲချက်တင် တိုင်တန်းခံရသူမှာ ချေပပိုင်ခွင့်ရှိသည်။ သို့သော် စွဲချက်တင် တိုင်တန်းသူအပေါ် ထိုးနှက်တာ၊ လက်စားချေတာမျိုး မလုပ်ရ။ စွဲချက်တင် တိုင်တန်းခြင်းကိုလည်း မတားဆီးရ။

ဒီမိုကရေစီ ဆိတ်သုဉ်းအောင်လုပ်ခြင်း၊ လက်စားချေထိုးနှက်တိုက်ခိုက်ခြင်းတို့ကို

ပါတီတွင်းနဲ့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အတွင်းမှာ လုံးဝ ခွင့်မပြု။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သားများအတွက် လျှို့ဝှက်ရေးဆိုင်ရာ သတ်မှတ်ချက်။

အရာရာကို နိုင်ငံရေးအမြင်နဲ့ ခွဲခြမ်းစိတ်ဖြာ ကြည့်မြင်ရမယ်။ ပါတီအကျိုး၊ တော်လှန်ရေးအကျိုးနဲ့ ပြည်သူအကျိုး ကိုက်ညီမှု ရှိ မရှိ ဆန်းစစ်ကြည့်ရမယ်။ ပါတီနဲ့ တပ်မတော်ရဲ့ လျှို့ဝှက်ရေးဆိုင်ရာ ကိစ္စများကို ထိန်းသိမ်းခြင်းဟာ ပါတီနဲ့ တပ်ရဲ့ လုံခြုံရေးနဲ့ သက်ဆိုင်နေရုံမက ပြည်သူ့ပြောက်ကျားစစ်ပွဲအတွင်း ရန်သူကို အနိုင်တိုက်နိုင်ရေးအတွက် အရေးကြီးတဲ့အချက်ဖြစ်တယ်။

ရဲဘော်အားလုံးဟာ အောက်ပါလျှို့ဝှက်ရေးဆိုင်ရာ သတ်မှတ်ထားချက်များကို လိုက်နာရပါမယ်။

၁။ မပြောသင့်တဲ့ လျှို့ဝှက်ရေးကိစ္စကို လုံးဝမပြောရ။

၂။ မမေးသင့်တဲ့ လျှို့ဝှက်ရေးကို မမေးရ။

၃။ မကြည့်သင့်တဲ့ လျှို့ဝှက်ရေးကို မကြည့်ရ။

၄။ လျှို့ဝှက်ရေးစာစောင်စာတမ်းများကို တပ်ရဲ့ပြင်ပသို့မရောက်စေရ။ မပျောက်စေရ။ ခေါင်းဆောင်များရဲ့ မှတ်စုများကို မကြည့်ရ။

၅။ သတင်းဆက်သွယ်ရေးနဲ့ သတင်းကြားဖြတ်လုပ်ငန်းဆိုင်ရာ အလုပ်ခန်းထဲသို့ သက်ဆိုင်သူမှအပ မဝင်ရ။

၆။ တပ်နံပါတ်နဲ့ ခေါင်းဆောင်တာဝန်တို့ကို မပေါက်ကြားစေရ။

၇။ ခွင့်သွားသည့်အခါ၊ အိမ်ပြန်သည့်အခါ၊ ဆေးရုံတက်သည့်အခါ စသည်တို့မှာ လျှို့ဝှက်စာစောင်စာတမ်းများကို လုံးဝ ယူဆောင်မသွားရ။

၈။ တဦးချင်း စာပေးစာယူလုပ်တဲ့အခါမှာ ပါတီနဲ့ တပ်ရဲ့ စစ်ရေးလျှို့ဝှက်ချက်များကို ထည့်မရေးရ။

၉။ မလုံခြုံတဲ့နေရာမှာ လျှို့ဝှက်ရေးကိစ္စများကို မပြောရ။

၁၀။ တပ်ထဲမှာ ရန်သူ့ဒလျှိုနဲ့ မသင်္ကာဖွယ်ကိစ္စများ ရှိနေတယ်လို့ ထင်ရရင် အမြဲတစေ ဂရုစိုက် အကဲခတ် စောင့်ကြည့်သုံးသပ်ရမယ်။

■ တပ်မတော်သားများအား အခြေခံပညာပေးရေး

၁။ ပါတီနဲ့ပတ်သက်တဲ့ အခြေခံသိမှတ်ဖွယ်ရာများ၊ ပါတီသမိုင်းဆိုင်ရာ ပညာပေးရေး။

၂။ လမ်းစဉ်တိုက်ပွဲဆိုင်ရာ ပညာပေးရေး။

၃။ လူတန်းစားနဲ့ လူတန်းစားဆိုင်ရာ ပညာပေးရေး။

၄။ မျက်မှောက် အခြေအနေဆိုင်ရာ ပညာပေးရေး။

၅။ တပ်တည်ဆောက်ရေးဆိုင်ရာ ပညာပေးရေး။

၆။ စည်းကမ်းပညာပေးရေး။

၇။ တော်လှန်တဲ့ သူရဲကောင်းဝါဒ ပညာပေးရေး။

၎င်း(၇)ချက်အပြင် အုပ်ချုပ်ရေးဆိုင်ရာ၊ ပေါ်လစီဆိုင်ရာ၊ ကိုယ့်ထူးကိုယ်ချွန် စိတ်ဓာတ်ဆိုင်ရာ၊ စစ်ပြင်ဆင်ရေးဆိုင်ရာ၊ ဒလျှိုဒလန် ကာကွယ်ရေးဆိုင်ရာများကိုလည်း အမြဲတစေ ပညာပေးသွားကြရပါမယ်။

■ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ကြန်အင်လက္ခဏာ(၇)ရပ်

၁။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဟာ လူမျိုးပေါင်းစုံ သွေးစုပ်ခံ အဖိနှိပ်ခံ

ပြည်သူလူထုကို စိတ်ရောကိုယ်ပါ အလုပ်အကျွေးပြုတဲ့ အဖိနှိပ်ခံပြည်သူတို့ရဲ့ ကိုယ်ပိုင် တပ်မတော်ဖြစ်တယ်။

၂။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အကြွင်းမဲ့နဲ့ တိုက်ရိုက်ခေါင်းဆောင်မှုကိုခံယူတဲ့ တပ်မတော်ဖြစ်တယ်။

၃။ အတွင်းအပြင် စည်းလုံးညီညွတ်တဲ့ တပ်မတော်ဖြစ်တယ်။

၄။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဟာ "တိုက်ခိုက်ရေး၊ လူထုစည်းရုံးရေးနဲ့ ကုန်ထုတ်လုပ်ရေး"ဆိုတဲ့ လုပ်ငန်းတာဝန်ကြီး(၃)ရပ်ကို ထမ်းဆောင်တဲ့ အမျိုးအစားသစ် တပ်မတော်ဖြစ်တယ်။

၅။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဟာ တင်းကျပ်တဲ့ စည်းရုံးရေးစည်းကမ်းလည်းရှိပြီး ဒီမိုကရေစီအစဉ်အလာလည်းရှိတဲ့ တပ်မတော်ဖြစ်တယ်။

၆။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဟာ "ပြည်ချစ်ဝါဒနဲ့ အဖိနှိပ်ခံ နိုင်ငံတကာလူမျိုးပေါင်းစုံ ချစ်ကြည်ရေးဝါဒ"အရ ပညာပေးတည်ဆောက်ထားတာဖြစ်တယ်။

၇။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဟာ ကိုယ့်ထူးကိုယ်ချွန်၊ ကိုယ့်အားကိုယ်ကိုး တိုက်ပွဲဝင်နေတဲ့ တပ်မတော်တရပ်ဖြစ်တယ်။

★ ★ ★

ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏
ခြေလှမ်းတိုင်းသည်
အဖိနှိပ်ခံပြည်သူတို့၏ အကျိုးစီးပွားမှတပါး
အခြားမရှိ။